မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း


| | | | | |
|---|---|---|---|---|
| အမှတ် ၄ ] | ရန်ကုန်မြို့ | ၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်<br>(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်) | သောကြာနေ့ | [ အတွဲ ၇၄ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးအေးကိုကို<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာနေဝင်းဦး<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>(ဒုတိယညွှန်ကြားရေးမှူးချုပ်)<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့<br>(သုတေသန)<br>ပညာရေးဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၁၀၃၀/၂၀၂၀)

၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၃ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများအား တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ခရိုင်တရားမ တရားသူကြီး၏အာဏာများကို အပ်နှင်းလိုက်သည်။

၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီးများနှင့် ခရိုင် တရားသူကြီးများအား သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်အတွင်း ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၃၂ (၁) အရ တင်သွင်းသော လွှဲအပ်လွှာကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းလိုက်သည်။

၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၃ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများအား တန်ဖိုးကျပ်သိန်း ၃၀,၀၀၀ ထက်မပိုသည့် တရားမ မူလမှု သို့မဟုတ် မူလမှုခင်းများကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်။

၄။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများရှိ အောက်ဖော်ပြပါ တရားသူကြီးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့်အတိုင်း တရားမ မူလမှု သို့မဟုတ် မူလမှုခင်းများကို စီရင်ရန် တရားမစီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

| အမှတ်စဉ် | စီရင်ပိုင်ခွင့်အာဏာအပ်နှင်းခြင်းခံရသော တရားသူကြီး | အပ်နှင်းသည့် တရားမစီရင်ပိုင်ခွင့် အာဏာ |
|---|---|---|
| (က) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တရားသူကြီး၊ ခရိုင်တရားသူကြီး တွဲဖက်ခရိုင်တရားသူကြီး | တန်ဖိုးကျပ် သိန်း ၃၀,၀၀၀ ထက် မပိုသည့် တရားမ မူလမှု သို့မဟုတ် မူလမှုခင်းများကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာ |
| (ခ) | ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီး ဒုတိယခရိုင်တရားသူကြီး | တန်ဖိုးကျပ် သိန်း ၁၅,၀၀၀ ထက် မပိုသည့် တရားမ မူလမှု သို့မဟုတ် မူလမှုခင်းများကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာ |

၅။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများရှိ အောက်ဖော်ပြပါ တရားသူကြီးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့်အတိုင်း တရားမအယူခံ စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

| အမှတ်စဉ် | စီရင်ပိုင်ခွင့်အာဏာအပ်နှင်းခြင်းခံရသော တရားသူကြီး | အပ်နှင်းသည့် တရားမစီရင်ပိုင်ခွင့် အာဏာ |
|---|---|---|
| (က) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တရားသူကြီး၊ ခရိုင်တရားသူကြီး | မြို့နယ်တရားရုံးက တရားမ မူလမှု သို့မဟုတ် မူလမှုခင်းတွင် ချမှတ်သော ဒီကရီ သို့မဟုတ် အမိန့်အပေါ်အယူခံမှုကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာ |
| (ခ) | တွဲဖက်ခရိုင်တရားသူကြီး ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီး၊ ဒုတိယခရိုင် တရားသူကြီး | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း တရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသတရားသူကြီး၊ ခရိုင်တရားသူကြီးက လွှဲအပ်သည့် တရားမအယူခံမှုများကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာ |

၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီး သို့မဟုတ် ခရိုင်တရားသူကြီးသည် မိမိကလွှဲအပ်ထားသောအမှုကို ပြန်လည်တောင်းခေါ်၍ မိမိကိုယ်တိုင် စီရင်ခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်အဆင့် အခြားတရားသူကြီးတစ်ဦးအား စီရင်ရန်အတွက် လွှဲအပ်ခြင်းလုပ်ပိုင်ခွင့်များ ကျင့်သုံးနိုင်သည်။

၇။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီး၊ ခရိုင်တရားသူကြီး၊ တွဲဖက်ခရိုင်တရားသူကြီး၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီးနှင့် ဒုတိယခရိုင် တရားသူကြီးများသည် မိမိစီရင်ပိုင်ခွင့်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်အတွင်း တရားရုံးတစ်ရုံးမှ အခြားတရားရုံးတစ်ရုံးသို့ အမှုလွှဲပြောင်းပေးမှုကို စီရင်နိုင်သည်။

၈။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၂၈/၂၀၁၆) ကို ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ ရုပ်သိမ်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံသူ၏ နစ်နာမှုဖြေရှင်းရေးကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှု ဥပဒေပုဒ်မ ၂၇ နှင့် ပုဒ်မ ၁၀၀၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရင်းနှီးမြှုပ်နှံသူ၏နစ်နာမှုဖြေရှင်းရေးကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး (ဘဏ္ဍာရေး)<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ရင်းနှီးမြှုပ်နှံသူ၏ နစ်နာမှုဖြေရှင်းရေးကော်မတီသည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်–

(က) သက်ဆိုင်သည့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ သို့မဟုတ် အခွင့်အာဏာရှိသည့် အဖွဲ့အစည်းများနှင့် အကျိုးဝင်သက်ဆိုင်သည့် ရင်းနှီးမြှုပ်နှံသူအကြား အကျိုးဝင်သည့် ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ အကြံပြုချက်ပေးခြင်းဖြင့် နစ်နာမှုများကို မြန်ဆန်ပြီး ပွင့်လင်းမြင်သာမှုရှိရှိ ဖြေရှင်းပေးရန်၊

(ခ) မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေနှင့် အဖွဲ့အစည်းနှင့်ဆက်စပ်သည့် မူဘောင်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တရားဥပဒေနှင့်အညီ ဆောင်ရွက်နေသော ရင်းနှီးမြှုပ်နှံသူ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအပေါ် သက်ရောက်နေသည့် အတားအဆီးများကို ဖော်ထုတ်သွားရန်၊

(ဂ) ကော်မတီသို့ တင်ပြလာသည့် နစ်နာမှုများကို ထိရောက်မြန်ဆန်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်ရေး လိုအပ်လာလျှင်ဖြစ်စေ သို့မဟုတ် နစ်နာမှုများအပေါ် လေ့လာသုံးသပ်၍ ယေဘုယျဖြစ်သည့် အကြံပြုချက်များ ပံ့ပိုးပေးရန်အတွက်ဖြစ်စေ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ အကြံပြုချက်နှင့် ကျွမ်းကျင်မှုကို ရယူရေးတာဝန်ပေးအပ်ရန်၊

(ဃ) အကျုံးဝင်သည့် ရင်းနှီးမြှုပ်နှံသူတင်ပြထားသည့် နစ်နာမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို ဖိတ်ကြား၍ ရှင်းလင်းတင်ပြစေရန်၊

(င) နစ်နာမှုများကို ဖြေရှင်းဆောင်ရွက်ရေးအတွက် အကြံပြုချက်အဖြစ် ချမှတ်ပေးခဲ့သည့် ဆုံးဖြတ်ချက်များ အပေါ် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် အခွင့်အာဏာရှိသူများက အကောင်အထည်ဖော် ဆောင်ရွက်ရေး ကြပ်မတ်သွားရန်၊

(စ) ကော်မတီ၏ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိပါက စီမံခန့်ခွဲရေး နည်းလမ်းများအရ ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာအစိုးရဌာနများနှင့် အစိုးရ အဖွဲ့အစည်း၏ အကြီးအကဲထံသို့ အကြံပြုချက်ပေးပို့ရန်၊

(ဆ) ကော်မတီ၏ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အခြေအနေ ပေါ်ပေါက်ပါက ကော်မရှင်နှင့်ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြလမ်းညွှန်မှုခံယူရန်၊

(ဇ) နစ်နာမှုဖြစ်ပွားရသည့်အကြောင်းအရင်းများ၊ နစ်နာမှုဖြေရှင်းမည့် ကုန်ကျစရိတ်များ၊ ကော်မတီက အဆိုပြုသည့်အကြံပြုချက်၏ အကျိုးသက်ရောက်မှု၊ နစ်နာမှုဖြေရှင်းနိုင်ခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် အခြားသက်ဆိုင်သည့် အကြောင်းကိစ္စရပ်များပါဝင်သည့် နစ်နာမှုစုံစမ်း စစ်ဆေးခြင်းနှင့် စိစစ်မေးမြန်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

(ဈ) ရင်းနှီးမြှုပ်နှံမှုမူဝါဒ တိုးတက်ကောင်းမွန်ရေး၊ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်နှင့် ဥပဒေမူဘောင်ဖွံ့ဖြိုးတိုးတက် စေရေးနှင့်စပ်လျဉ်းသည့် အကြံပြုချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရန်၊

(ည) ကော်မတီသို့တင်ပြလာသည့် နစ်နာမှုအရေအတွက်၊ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးခဲ့သည့် နစ်နာမှု အရေအတွက်၊ နစ်နာမှုဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ သို့မဟုတ် အခွင့်အာဏာရှိသူများသို့ကော်မတီက ပေးပို့ခဲ့သည့် အကြံပြုချက်များနှင့် အဆိုပါအကြံပြုချက်များ အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု ရှိ မရှိ စသည့်အချက်အလက်များပါဝင်သည့် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ နှစ်စဉ်တင်ပြရန်၊

(ဋ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၂၀ ပါ ရင်းနှီးမြှုပ်နှံသူ၏ နစ်နာမှုဖြေရှင်းခြင်းနည်းလမ်းနှင့် အဆိုပါနည်းလမ်းအရ ထုတ်ပြန်သည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာနစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းရန်၊

(ဌ) နစ်နာမှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များအနက် အများပြည်သူသို့ ဖြန့်ဝေရမည့် အချက် အလက်များနှင့် လျှို့ဝှက်ထားရှိရမည့် သတင်းအချက်အလက်များကို အတည်ပြုဆုံးဖြတ်ပေးရန်။

၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုအကူအညီပေးရေးကော်မတီဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၁၇၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုအကူအညီပေးရေးကော်မတီ၏ အတွင်းရေးမှူး အစားထိုးခန့်အပ်ခြင်း အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုအကူအညီပေးရေးကော်မတီ၏ ဒုတိယဥက္ကဋ္ဌ အစားထိုးခန့်အပ်ခြင်း အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၉ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

သောင်းထွန်း
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၅၉၁/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

နိုင်ငံခြားရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး (၂) ဦးအား လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) များအဖြစ် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစတင်၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဌာန |
|---|---|---|
| (၁) | ဒေါ်ချိုချိုစိုး | နိုင်ငံရေးရာဦးစီးဌာန |
| (၂) | ဦးအောင်သိမ်းဦး | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |

## အမိန့်ကြော်ငြာစာအမှတ် (၅၉၂/၂၀၂၀)

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး/သံမှူးများအား ညွှန်ကြားရေးမှူး/သံမှူးကြီးများအဖြစ် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဌာန၊ သံရုံး |
|---|---|---|
| ၁။ | ဒေါ်စုလေးညို | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |
| ၂။ | ဒေါ်ဝင်းစန္ဒာဆွေ | မြန်မာသံရုံး၊ ဟန္နိုင်းမြို့ |
| ၃။ | ဒေါ်လှသီတာလင်း | မြန်မာသံရုံး၊ ဗီယင်နာမြို့ |
| ၄။ | ဒေါ်စောစန္ဒီဇော် | မြန်မာသံရုံး၊ စင်ကာပူမြို့ |
| ၅။ | ဒေါက်တာဇော်လင်းမောင် | ပြည်ထောင်စုဝန်ကြီးရုံး |
| ၆။ | ဒေါ်သိင်္ဂီအောင် | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၇။ | ဒေါက်တာအောင်သူစိုး | မြန်မာသံရုံး၊ အစ္စလာမာဘတ်မြို့ |
| ၈။ | ဒေါ်ငုဝါဆွေ | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |
| ၉။ | ဦးတင်ဝင်းအောင်မိုး | မြန်မာသံရုံး၊ ဘာလင်မြို့ |
| ၁၀။ | ဒေါ်ဇင်မာထွေး | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၈၇၂/၂၀၁၅) အား ရည်ညွှန်းလျက် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူးများအတွက် လစာနှုန်းထား (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ်လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်စွဲပါ စာအမှတ်၊ ဘခ-၁/၂၉၅ (၅၀၄၄/၂၀၁၃) အား ရည်ညွှန်းလျက် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း သံမှူးကြီးများအတွက် လစာနှုန်းထား အမေရိကန်ဒေါ်လာ (၅၃၀) ကိုလည်းကောင်း ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၉၃/၂၀၂၀)

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ မြန်မာသံရုံး/မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး/ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများမှ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး/ပထမအတွင်းဝန်များအား ဒုတိယညွှန်ကြားရေးမှူး/သံမှူးများအဖြစ် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဌာန၊ သံရုံး |
|---|---|---|
| ၁။ | ဒေါ်ခိုင်ငြိမ်းစု | နိုင်ငံရေးရာဦးစီးဌာန |
| ၂။ | ဦးအောင်ဥာဏ်လင်း | မြန်မာသံရုံး၊ ဆိုးလ်မြို့ |
| ၃။ | ဦးစိုင်းကောင်းထက် | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| ၄။ | ဒေါ်ဥမ္မာဦး | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၅။ | ဒေါ်ခင်မာသီ | မြန်မာသံရုံး၊ နယူးဒေလီမြို့ |
| ၆။ | ဒေါ်အေးအေးအောင် | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၈၇၂/၂၀၁၅) အား ရည်ညွှန်းလျက် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဒုတိယညွှန်ကြားရေးမှူးများအတွက် လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အားလည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်စွဲပါ စာအမှတ်၊ ဘခ-၁/၂၉၅ (၅၀၄၄/၂၀၁၃) အား ရည်ညွှန်းလျက် ပြည်ပရှိ မြန်မာသံရုံး/မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး/မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း သံမှူးများအတွက် လစာနှုန်းထား အမေရိကန်ဒေါ်လာ(၅၀၀) အားလည်းကောင်း ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ်(၅၉၄ /၂၀၂၀)

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိမြန်မာသံရုံးမှ အောက်ဖော်ပြပါ ဌာနစုမှူး(၂)/တတိယအတွင်းဝန်များအား ဌာနစုမှူး(၁)/ ဒုတိယအတွင်းဝန်များအဖြစ် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဌာန၊ သံရုံး |
|---|---|---|
| ၁။ | ဒေါ်ဒီဘိုရာညီ | အပြည်ပြည်ဆိုင်ရာအဖွဲ့စည်းများနှင့် စီးပွားရေးဦးစီးဌာန |
| ၂။ | ဒေါ်ရှိုးရှိုးဇော်လေး | နိုင်ငံရေးရာဦးစီးဌာန |
| ၃။ | ဒေါ်နန်းဇင်ငြိမ်းမွန် | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၄။ | ဒေါ်ရွှေရည်လင်း | သံတမန်ရေးရာဦးစီးဌာန |
| ၅။ | ဒေါ်ဆုမြတ်မွန် | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| ၆။ | ဒေါ်လမင်းခင်မောင်ဝင်း | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |
| ၇။ | ဒေါ်နှင်းပွင့်အေး | သံတမန်ရေးရာဦးစီးဌာန |
| ၈။ | ဒေါ်သန့်ထက်လှိုင် | မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန |
| ၉။ | ဒေါ်သက်လယ်နုအောင် | သံတမန်ရေးရာဦးစီးဌာန |
| ၁၀။ | ဒေါ်နှီနှီနီကို | နိုင်ငံရေးရာဦးစီးဌာန |
| ၁၁။ | ဒေါ်ငြိမ်းသီရိဟန် | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| ၁၂။ | ဦးမင်းချမ်းမြေ့ | မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကူမင်းမြို့ |
| ၁၃။ | ဒေါ်သျှန်အိမ်စည် | နိုင်ငံရေးရာဦးစီးဌာန |

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဌာန၊ သံရုံး |
|---|---|---|
| ၁၄။ | ဒေါ်ကြည်သာသန့် | နိုင်ငံရေးရာဦးစီးဌာန |
| ၁၅။ | ဒေါ်ဇူလိုင်ကျော်ဇော | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |
| ၁၆။ | ဒေါ်မေအိန္ဒြေ | မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန |
| ၁၇။ | ဒေါ်ယမင်းဦး | နိုင်ငံရေးရာဦးစီးဌာန |
| ၁၈။ | ဒေါ်အိအိဇော်တင်သိန်း | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |
| ၁၉။ | ဒေါ်သက်ထားဆွေ | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၂၀။ | ဒေါ်ခိုင်ငုဝါစိုး | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၂၁။ | ဒေါ်မီးမီးမြင့်သူ | သံတမန်ရေးရာဦးစီးဌာန |
| ၂၂။ | ဒေါ်ယုလေးခိုင် | အာဆီယံရေးရာဦးစီးဌာန |
| ၂၃။ | ဦးလွတ်လပ်မိုး | နိုင်ငံရေးရာဦးစီးဌာန |
| ၂၄။ | ဦးအောင်မင်းခန့် | အာဆီယံရေးရာဦးစီးဌာန |
| ၂၅။ | ဒေါ်မိုးသဥ္ဇာဇော် | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၂၆။ | ဒေါ်ဝင်းလက်ရွှေရည် | မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန |
| ၂၇။ | ဒေါ်ယမုံဖူးမောင် | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |
| ၂၈။ | ဒေါ်ထားအိရွှေရည် | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| ၂၉။ | ဒေါ်ခင်စန္ဒာလင်း | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |
| ၃၀။ | ဒေါ်ယုဝေ | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၃၁။ | ဒေါ်မေဦးကြင်နာနိုင် | ပြည်ထောင်စုဝန်ကြီးရုံး |
| ၃၂။ | ဒေါ်ရည်မွန်မြင့် | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |
| ၃၃။ | ဒေါ်ရတနာမေဘုန်းရှိန် | နိုင်ငံရေးရာဦးစီးဌာန |
| ၃၄။ | ဒေါ်ကြည်လဲ့ယဉ် | သံတမန်ရေးရာဦးစီးဌာန |
| ၃၅။ | ဒေါ်အေးချမ်းပြည့်ဖြိုးပိုင် | အာဆီယံရေးရာဦးစီးဌာန |
| ၃၆။ | ဒေါ်ယုဇနခင်ဇော် | မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန |
| ၃၇။ | ဒေါ်ရတနာမိုးမြင့် | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| ၃၈။ | ဒေါ်အိဖြိုးသန်း | ပြည်ထောင်စုဝန်ကြီးရုံး |
| ၃၉။ | ဦးဖြိုးဆက်ပိုင် | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |
| ၄၀။ | ဒေါ်ဖြိုးအိအိကျော် | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၄၁။ | ဒေါ်အိဖြိုးသိင်္ဂီ | မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန |
| ၄၂။ | ဒေါ်ဇူးမြတ်နိုင် | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| ၄၃။ | ဒေါ်သီရိထက်နိုင် | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |
| ၄၄။ | ဦးဟိန်းထက်စွမ်း | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| ၄၅။ | ဦးဉာဏ်လင်းထက် | ပြည်ထောင်စုဝန်ကြီးရုံး |
| ၄၆။ | ဒေါ်ဝင့်လဲ့အောင် | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၄၇။ | ဦးဇင်မြတ်သူ | ပြည်ထောင်စုဝန်ကြီးရုံး |
| ၄၈။ | ဦးထက်အောင် | ပြည်ထောင်စုဝန်ကြီးရုံး |

ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၈၇၂/၂၀၁၅) အား ရည်ညွှန်းလျက် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဌာနစုမှူး (၁) များအတွက် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အားလည်းကောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်စွဲပါ စာအမှတ်၊ ဘ၁-၁/၂၉၅ (၅၀၄၄/ ၂၀၁၃) အား ရည်ညွှန်းလျက် ပြည်ပရှိ မြန်မာသံရုံးတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ဒုတိယအတွင်းဝန်အတွက် လစာနှုန်း အမေရိကန်ဒေါ်လာ (၄၀၀) အားလည်းကောင်း ခံစားခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

အမှတ် ၅၆၈/၂၀၂၀။ ပါကစ္စတန်အစ္စလာမစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမြင့်အား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှအစပြု၍ ခံစားရန်ရှိသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၄ ရက်စွဲပါ စာအမှတ်၊ ဘ-၂ (၁) / ၁၆ (၇၃၆/ ၂၀၂၀) အရ သံအမတ်ကြီးအနေဖြင့် အငြိမ်းစားယူရန် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် ယခင်ငြင်းပယ်ခံရသော ခွင့်ကာလအတွက် ခံစားခွင့်ရှိသော ခွင့်လစာကို တစ်လုံးတစ်ခဲတည်း ထုတ်ယူခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ်(၅၇၀ /၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၂၂/ ၂၀၂၀ ကို ရည်ညွှန်းလျက် နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို အား ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၅၅၀,၀၀၀) အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ်(၅၇၁ /၂၀၂၀)

နိုင်ငံခြားရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူးများအား တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစတင်၍ ယင်းတို့နှင့် ယှဉ်တွဲပါဦးစီးဌာနများ၌ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) များအဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | ဦးစီးဌာန |
|---|---|---|
| (က) | ဦးမန်ဟောက်ထန် | အာဆီယံရေးရာဦးစီးဌာန |
| ( ခ ) | ဦးကျော်ညွန့်ဦး | နိုင်ငံရေးရာဦးစီးဌာန |

အထက်ပါ ဒုတိယညွှန်ကြားရေးမှူးချုပ်များသည် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ရောက်ရှိ တာဝန်ထမ်းဆောင်ချိန်မှစ၍ ဒုတိယညွှန်ကြားရေးမှူးချုပ်၏ လစာကိုခံစားရန်ဖြစ်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ်(၄၄၉/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ ရက်)

၁။ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ မယ်လှတောင်ကျေးရွာအုပ်စုနှင့် မကွေးမြို့ အောင်မေတ္တာ(ဃ)ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁၆၅၄-မြင်းကင်း)၊ ဦးပိုင်အမှတ် (၄၄)၊ **မြေဧရိယာ ၀.၂၅ ဧက** ရှိ မြေအား အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ **မကွေးတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သင်တန်းခန်းမဆောင်နှင့် သင်တန်းသားအဆောင်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာအမှတ် (၄၅၀/၂၀၂၀)**

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့၊ အင်ကြင်းမြိုင်ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည် (၂-အင်ကြင်းမြိုင်ကွင်း)၊ ဦးပိုင်အမှတ် (၈၃၊ ၈၄၊ ၈၅၊ ၈၆) ရှိ **မြေဧရိယာ ၀.၉၁၈ ဧက** အား လူမှုဝန်ထမ်းဦးစီးဌာန **မြို့နယ်စံပြမူလတန်းကြိုကျောင်း (ကျွန်းလှမြို့)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၅၆/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကျောက်ထုမြို့စည်ပင်သာယာရေးအဖွဲ့အတွက် မြေလွှဲအမိန့်ထုတ်ပြန်ပေးခဲ့သော မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်၊ ကျောက်ထုမြို့၊ မြို့မရပ်ကွက်ရှိ ကွင်းအမှတ်/အမည်- (၆၇/ကျောက်ထုမြောက်)၊ **မြေကွက်အမှတ် ၄၄၊ ၁၁၀၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁ ရှိ မြေဧရိယာ ၃.၉၇ ဧက၏တစ်စိတ်တစ်ဒေသဖြစ်သော** မြေကွက်အမှတ် ၁၁၈၊ **မြေဧရိယာ ၀.၆၈ ဧက** အနက်မှ **မြေဧရိယာ ၀.၂၂ ဧက** ကို မူလပိုင်ရှင်များသို့ပြန်လည်ပေးအပ်ရန် နိုင်ငံတော်သို့ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၉ ရက်စွဲပါ စာအမှတ်၊ ၂၆၀၄/၁-ကော်မတီ/မြေ(ဗဟို)/၂၀၂၀ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကျောက်ထုမြို့စည်ပင်သာယာရေးအဖွဲ့မှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၂၂ ဧက** ကို နိုင်ငံတော်ပိုင်မြေ **(State Land)** အဖြစ် သတ်မှတ်လိုက်သည်။

၃။ ပြည်ထဲရေးဝန်ကြီးဌာန၏ မြေလွှဲအမိန့်ကြော်ငြာစာဖြင့် **လွှဲပြောင်းပေးခဲ့သော မြေဧရိယာ ၃.၉၇ ဧက** အနက်မှ ပြန်လည်စွန့်လွှတ်ပြီး **ကျန်မြေဧရိယာ ၃.၇၅ ဧက** ကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကျောက်ထုမြို့စည်ပင်သာယာရေးအဖွဲ့မြေအဖြစ် အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

၄။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကျောက်ထုမြို့ စည်ပင်သာယာရေးအဖွဲ့ မြေအဖြစ် အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည့် **မြေဧရိယာ ၃.၇၅ ဧကကို** မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အသုံးမပြုသော နေ့တွင် နိုင်ငံတော်သို့ပြန်လည်အပ်နှံရမည်။

မင်းသူ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၈၁၀/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ဒုတိယရဲမှူးကြီး (၂) ဦးတို့အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

(၁) ရဲ ၂၂၂၃ - ဒုတိယရဲမှူးကြီး သိန်းကိုကို
ရဲအကူတပ်ဖွဲ့ခွဲမှူး
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး
မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့
→ ဒုတိယဌာနမှူး
စည်ပင်သာယာရဲတပ်ဖွဲ့ (နေပြည်တော်)
(မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးတွဲ)

(၂) ရဲ ၂၂၅၃ - ဒုတိယရဲမှူးကြီး စိန်ဝင်း
ဦးစီးအရာရှိ (ပထမတန်း)
(ဦး/ရေး/ထောက်)
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး
တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့
→ ကွပ်ကဲမှုအဖွဲ့ခွဲမှူး
အမှတ် (၆) နယ်ခြားစောင့်ရဲ ကွပ်ကဲမှုအဖွဲ့ခွဲ
(တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးတွဲ)

### (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ်(၈၁၄ /၂၀၂၀)

နေပြည်တော် ၊ ၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး - ရဲ ၁၉၇၈ ယာယီရဲမှူးချုပ် တင်အောင်ဝင်း အား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့အထိ (၄) လကို မူလအခြေခံ နည်းဥပဒေအပိုဒ် ၈၆ (က) (၁) နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ရဲ ၁၉၇၈ - ယာယီရဲမှူးချုပ် တင်အောင်ဝင်း အား ငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင် ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့အထိ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၈ ရက်)

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၂/၂၀၂၀) ၏ သဘောတူညီချက်အရ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနဖွဲ့စည်းပုံကို အရာထမ်းရာထူး (၁၀၁) နေရာ၊ အမှုထမ်းရာထူး (၃၈၄) နေရာ စုစုပေါင်းရာထူး (၄၈၅) နေရာဖြင့် ပြင်ဆင်ဖွဲ့စည်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအား အရာထမ်းရာထူး (၁၂၆၉၂) နေရာ၊ အမှုထမ်းရာထူး (၇၃၁၀၂) နေရာ စုစုပေါင်းရာထူး (၈၅၇၉၄ ) နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မွန်ပြည်နယ် စီမံကိန်းဦးစီးရုံးမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးမြင့်အောင် အား ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၈၈/၂၀၂၀)**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၂) ဦးတို့အား ယှဉ်တွဲဖော်ပြပါ ဒေသများတွင် ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာများသို့ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | မူလတာဝန်<br>ထမ်းဆောင်သည့်ဒေသ | ပြောင်းရွှေ့တာဝန်<br>ထမ်းဆောင်ရမည့်ဒေသ |
|---|---|---|---|
| (၁) | ဦးသန်းဦး | မန္တလေးတိုင်းဒေသကြီး<br>စီမံကိန်းဦးစီးရုံး | မွန်ပြည်နယ်စီမံကိန်းဦးစီးရုံး |
| (၂) | ဒေါ်ဥမ္မာအေး | ရုံးချုပ် | ရုံးချုပ် |

စိုးဝင်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၁ ရက်)

**အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၂၄ အရ**
**အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ပြန်လည်အပ်နှံခွင့်ပြုခြင်း**

အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၂၄ အရ အောက်ဖော်ပြပါ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း (၂) ဖွဲ့အား ၎င်းတို့၏ ဆန္ဒအရ လုပ်ငန်းပိတ်သိမ်းပြီး လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ပြန်လည်အပ်နှံခွင့်ကို သဘောတူခွင့်ပြုလိုက်သည်–

| စဉ် | အဖွဲ့အစည်းအမည် | လိုင်စင်အမှတ် |
|---|---|---|
| ၁။ | စကား၀ါမြေ လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စားများ အထောက်အကူပြုရေးအဖွဲ့ | ၀၀၀၂/၂၀၁၂ |
| ၂။ | ရန်ကုန်ကလျာဏယု၀ခရစ်ယာန်အသင်း (YMCA) | ၀၁၈၄/၂၀၁၃ |

စိုး၀င်း
ဥက္ကဋ္ဌ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်စွဲပါ အမိန့်အမှတ် ၂၈/၂၀၂၀ အရ ဦးဟောက်ဒိုဆွမ်း အား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဌာန၏ ဒုတိယဝန်ကြီးအဖြစ် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှ အစပြု၍ ခန့်အပ်တာဝန်ပေး လိုက်သည်။

ကျော်ထင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်

( ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက် )

အမှတ် ၁၂၅။ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ မတ်လ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၅ ဖြင့် ဖွဲ့စည်းခဲ့သည့် **ပြန်ကြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်-

(က) ဦးမျိုးမြင့်မောင် — အဖွဲ့ခေါင်းဆောင်
အမြဲတမ်းအတွင်းဝန်
ပြန်ကြားရေးဝန်ကြီးဌာန
(ဖုန်း- ၀၆၇ ၄၁၂၀၁၉)

( ခ ) ဦးရဲနိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား
(ဖုန်း- ၀၆၇ ၇၉၄၅၆)

( ဂ ) ဦးအေးကြွယ် — အဖွဲ့ဝင်
ခေတ္တညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
(ဖုန်း- ၀၆၇ ၄၁၂၆၃၂)

(ဃ) ဦးကိုကိုနိုင် — အဖွဲ့ဝင်
ခေတ္တညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
(ဖုန်း- ၀၆၇ ၄၁၂၄၅၇)

( င ) ဦးသက်ဆွေ — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း
(ဖုန်း- ၀၆၇ ၄၁၂၁၁၉)

( စ ) ဦးမြင့်ကျော် — အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန်
ပြန်ကြားရေးဝန်ကြီးဌာန
(ဖုန်း- ၀၆၇ ၄၁၂၃၂၃၊ ၀၆၇ ၄၁၂၃၂၄)

ဒေါက်တာဖေမြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၈/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဤဝန်ကြီးဌာန (သာသနာရေး)၊ ရာထူးတိုးမြှင့်ရေးနှင့် ရာထူးနေရာခန့်ထားရေးအစည်းအဝေးအမှတ်စဉ် (၂/၂၀၂၀) ၏ သဘောတူဆုံးဖြတ်ချက်အရ သာသနာရေးဦးစီးဌာန၊ သာသနာ့ရေးရာနှင့် ဝိနိစ္ဆယဌာနခွဲမှ ညွှန်ကြားရေးမှူး၊ ဦးသိန်းဝင်း အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ လွှဲပြောင်း/လက်ခံဆောင်ရွက်သည့်နေ့ရက်မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၀/၂၀၂၀)**

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဤဝန်ကြီးဌာန (သာသနာရေး)၊ ရာထူးတိုးမြှင့်ရေးနှင့် ရာထူးနေရာခန့်ထားရေးအစည်းအဝေးအမှတ်စဉ် (၂/၂၀၂၀) ၏ သဘောတူဆုံးဖြတ်ချက်အရ သာသနာရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးသာသနာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ ဦးဌေးလှိုင်အား ပဲခူးတိုင်းဒေသကြီးသာသနာရေးမှူးရုံးတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ လွှဲပြောင်း/လက်ခံဆောင်ရွက်သည့်နေ့ရက်မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သူရဦးအောင်ကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂံဒေသအမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

**ပုဂံဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကော်မတီ (မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်)**
**(Bagan Coordinating Committee, Mandalay Region, Nyaung U District)**
**ကော်မတီအဖွဲ့ဝင်များ ဖြည့်စွက်ဖွဲ့စည်းခြင်း**

ပုဂံဒေသအမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီက (၁၄-၉-၂၀၁၈) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၈ ဖြင့် ဖွဲ့စည်းထားသော **ပုဂံဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကော်မတီ**

**(မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်) (Bagan Coordinating Committee, Mandalay Region, Nyaung U District)** တွင် အောက်ပါအဖွဲ့ဝင်များကို ဖြည့်စွက်ဖွဲ့စည်းလိုက်သည်-

(၁) ဦးမျိုးညွန့်၊ ညွှန်ကြားရေးမှူး (ငြိမ်း)
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူ

(၂) ဦးမျိုးညွန့်အောင်၊ ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူ

(၃) ဦးကျော်ဆွေ၊ ညော့်လမ်းညွှန်
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူ

(၄) ဦးသန်းဌေး၊ နံရံပန်းချီကျွမ်းကျင်သူ (ညော့်လမ်းညွှန်)
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်နေသောဒေသခံ

(၅) ဦးမျိုးမင်းသန်း၊ လုပ်ငန်းရှင်
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်နေသောဒေသခံ

(၆) ဦးတင်နိုင်အောင်၊ ညော့်လမ်းညွှန်
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်နေသောဒေသခံ

(၇) ဦးဝင်းကြိုင်၊ လုပ်ငန်းရှင်
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်နေသောဒေသခံ

(၈) ဦးလင်းအောင်သက်၊ လုပ်ငန်းရှင်
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်နေသောဒေသခံ

(၉) ဦးတင့်ဆွေ၊ ဥက္ကဋ္ဌ
စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ ညောင်ဦးမြို့

သူရဦးအောင်ကို
ဥက္ကဋ္ဌ
ပုဂံဒေသအမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၆၅/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၈ ရက်)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှ ပြည်နယ်ဦးစီးဌာနမှူး/ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးဌေးဝင်း ၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားလာခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆(က)နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ(က)တို့အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၇၃/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၄ ရက်)

**ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ငြင်းပယ်ခွင့်ပြုခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ လှည်းကူးမြို့၊ တည်ဆောက်ရေး(၁)၊ ညွှန်ကြားရေးမှူးရုံးမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်မြင့်(၂) အား ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့အထိ ၎င်း၏ သက်ပြည့်အငြိမ်းစား မယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို **နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ** အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုလိုက်သည်။

၂။ အဆိုပါ အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လ ကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၇၄/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၈ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၄ ရက်စွဲပါ စာအမှတ်၊ ၁၁၁၁၂/၄၀၀(၁)/ ၂၀-၁/အဖရ (တနင်္သာရီ) ပါ ညှိနှိုင်းချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၀၂၀/၆၆၉-မြေတိုင်း/အဖရ(၂၀၁၉)ပါ အတည်ပြုချက်အရ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ မောတောင်မြို့၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းပါ မြို့ပြရိယာအတွက် ကွက်စိပ်ကွက်ကျဲ တိုင်းတာခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် **၂၀၁၉ ခုနှစ်၊ နယ်နိမိတ် တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ** အခန်း(၄)၊ ပုဒ်မ(၇)၊ ပုဒ်မခွဲ(ဂ)နှင့်(ဃ)ပါ ပြဋ္ဌာန်းချက်တို့အရ တနင်္သာရီ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ တနင်္သာရီမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ် လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၇၅/၂၀၂၀)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၀ ရက်စွဲပါ စာအမှတ်၊ ၉/၁-၄ (၁၁၉) (စမဆ)/အဖရ ပါ ညှိနှိုင်းချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၀၂၀/၆၆၉-မြေတိုင်း/အဖရ(၂၀၁၉) ပါ အတည်ပြုချက်အရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ ကုန်းဇောင်းကျေးရွာအား ကျေးရွာမြေတိုင်းတာနိုင်ရန်အတွက် **၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ** အခန်း (၄)၊ ပုဒ်မ(၇)၊ ပုဒ်မခွဲ(ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ ပွင့်ဖြူမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၇၆/၂၀၂၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၀ ရက်စွဲပါ စာအမှတ်၊ ၉/၁-၄ (၁၁၈) (စမဆ)/အဖရ ပါ ညှိနှိုင်းချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၀၂၀/ဖ၆၉-မြေတိုင်း/အဖရ(၂၀၁၉) ပါ အတည်ပြုချက်အရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၊ ပန်းထိမ်းကျေးရွာအုပ်စု၊ ပန်းထိမ်းကျေးရွာအား ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး ကျေးရွာမြေတိုင်းတာနိုင်ရန်အတွက် **၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ** အခန်း (၄)၊ ပုဒ်မ(၇)၊ ပုဒ်မခွဲ(ဂ)နှင့် (ဃ)ပါ ပြဋ္ဌာန်းချက်တို့အရ ငဖဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ ငဖဲမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ်(၄၇၇ /၂၀၂၀)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) မှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အဆင့်ရှိဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးညွန့်သိန်း အား ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၁/၂၀၂၀) ကြိမ်မြောက် အစည်းအဝေး သဘောတူညီချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊ စက်မှု/လျှပ်စစ် (၁) ဌာနခွဲတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၈၄/၂၀၂၀)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အဆင့်ရှိ ဒုတိယညွှန်ကြားရေးမှူး (စိုက်ပညာရှင်) ဒေါ်ဥမ္မာကို အား ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၁/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးသဘောတူညီချက်အရ စိုက်ပျိုးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး (စိုက်ပညာရှင်) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၁၀/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ သရုပ်ပြ/နည်းပြ (၁၆) ဦးတို့အား ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၂၀) ၏ သဘောတူညီချက်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိလက်ထောက်ကထိက ရာထူးနေရာများသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (က) | ဒေါ်အေးသဥ္ဇာအောင် | သရုပ်ပြ<br>(ကိုမိလဗေဒ) | လက်ထောက်ကထိက<br>(ကိုမိလဗေဒ) |
| (ခ) | ဒေါ်ရွှန်းလဲ့တိုး | သရုပ်ပြ<br>(လယ်ယာသီးနှံ) | လက်ထောက်ကထိက<br>(လယ်ယာသီးနှံ) |
| (ဂ) | ဒေါ်ခိုင်ရွှေအေး | သရုပ်ပြ<br>(အပင်ရောဂါဗေဒ) | လက်ထောက်ကထိက<br>(အပင်ရောဂါဗေဒ) |
| (ဃ) | ဦးအာကာမြင့် | သရုပ်ပြ<br>(အပင်မျိုးမွေးမြူရေး) | လက်ထောက်ကထိက<br>(အပင်မျိုးမွေးမြူရေး) |
| (င) | ဒေါ်မို့မို့ | သရုပ်ပြ<br>(စိုက်ပျိုးစီးပွားရေးပညာ) | လက်ထောက်ကထိက<br>(စိုက်ပျိုးစီးပွားရေးပညာ) |
| (စ) | ဒေါ်ယုယမေမြတ်နိုးခင် | သရုပ်ပြ<br>(ကိုမိလဗေဒ) | လက်ထောက်ကထိက<br>(ကိုမိလဗေဒ) |
| (ဆ) | ဒေါ်စန်းယုမြင့် | သရုပ်ပြ<br>(အပင်မျိုးမွေးမြူရေး) | လက်ထောက်ကထိက<br>(အပင်မျိုးမွေးမြူရေး) |
| (ဇ) | ဦးလွင်ဗိုလ်ဗိုလ်သက် | သရုပ်ပြ<br>(စိုက်ပျိုးရေးအင်ဂျင်နီယာ) | လက်ထောက်ကထိက<br>(စိုက်ပျိုးရေးအင်ဂျင်နီယာ) |
| (ဈ) | ဒေါ်သိင်္ဂီဝင်း | သရုပ်ပြ<br>(မြေဆီလွှာနှင့် ရေသိပ္ပံပညာ) | လက်ထောက်ကထိက<br>(မြေဆီလွှာနှင့် ရေသိပ္ပံပညာ) |
| (ည) | ဦးနေဇော်ရွှေ | သရုပ်ပြ<br>(မွေးမြူရေးပညာ) | လက်ထောက်ကထိက<br>(မွေးမြူရေးပညာ) |
| (ဋ) | ဦးစိုးခိုင် | သရုပ်ပြ/နည်းပြ<br>(စိုက်ပျိုးစီးပွားရေးပညာ) | လက်ထောက်ကထိက<br>(စိုက်ပျိုးစီးပွားရေးပညာ) |
| (ဌ) | ဒေါ်သော်တာတင်ရွှေဦး | သရုပ်ပြ<br>(အပင်မျိုးမွေးမြူရေး) | လက်ထောက်ကထိက<br>(အပင်မျိုးမွေးမြူရေး) |

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ( ၃ ) | ဒေါ်ငွေစင်မိုးစက် | သရုပ်ပြ (အပင်မျိုးမွေးမြူရေး) | လက်ထောက်ကထိက (အပင်မျိုးမွေးမြူရေး) |
| ( ဃ ) | ဒေါ်အိမွန် | သရုပ်ပြ (ဥယျာဉ်ခြံသီးနှံပညာ) | လက်ထောက်ကထိက (ဥယျာဉ်ခြံသီးနှံပညာ) |
| (ဏ) | ဒေါ်အိသဉ္ဇာကျော် | သရုပ်ပြ (စိုက်ပျိုးရေးပညာပေး) | လက်ထောက်ကထိက (စိုက်ပျိုးရေးပညာပေး) |
| (တ) | ဦးငွေနောင်ဦး | နည်းပြ (အင်္ဂလိပ်စာ) | လက်ထောက်ကထိက (အင်္ဂလိပ်စာ) |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၁၃/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

### ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ငြင်းပယ်ခွင့်ပြုခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) (ရေအရင်းအမြစ်)၊ စက်မှု/လျှပ်စစ်ဌာနခွဲ (၂) မှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး (စက်မှု) ဦးစံပေါ် အား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့အထိ ၎င်း၏ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို **နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ** အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုလိုက်သည်။

၂။ အဆိုပါ အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၁၅/၂၀၂၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃ ရက်စွဲပါ စာအမှတ်၊ ၉/၁-၄/ (၁၃၀) (စမဆ)/ အဖရ ပါ ညှိနှိုင်းချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၀၂၀/၆၆၉-မြေတိုင်း/အဖရ (၂၀၁၉) ပါ အတည်ပြုချက်အရ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ ကွန်းကျေးရွာအုပ်စု၊ ကွန်းကျေးရွာ၊ ရေစကြိုမြို့နယ်၊ ရပ်ကွက် (၁) (၂) (၄) (၆)၊ မြိုင်မြို့နယ်၊ ရွာတန်းရှည်ကျေးရွာအုပ်စု၊ ဆယ်ပြားကျေးရွာ၊ ဆိပ်ဖြူမြို့နယ်၊ ရွာသစ်ရပ်ကွက်၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်၊ ကြီးပင်ကန်ကျေးရွာအုပ်စု၊ ကြီးပင်ကန်ကျေးရွာများအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း မြို့မြေ/ကျေးရွာ မြေငှားဂရန်ထုတ်ပေးနိုင်ရေး မြေတိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် **၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ** အခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ ပူးတွဲဖော်ပြပါ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူးများ** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူးများ** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၁၆/၂၀၂၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃ ရက်စွဲပါ စာအမှတ်၊ ၉/၁-၄/ (၁၂၉) (စမဆ)/ အဖရ ပါ ညှိနှိုင်းချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၁၂၀/ဖ၆၉-မြေတိုင်း/အဖရ (၂၀၁၉) ပါ အတည်ပြုချက်အရ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ မြစကိုင်းကျေးရွာအုပ်စု၊ မြစကိုင်းကျေးရွာ၊ မင်းလှမြို့နယ်၊ တောင်ဦးကျေးရွာအုပ်စု၊ တောင်ဦးကျေးရွာ၊ မင်းတုန်းမြို့နယ်၊ မင်းရွာကိုင်းကျေးရွာအုပ်စု၊ သစ်စိမ့်ပင်ကျေးရွာ၊ ကံမမြို့နယ်၊ ရေနံ့သာကျေးရွာအုပ်စု၊ သစ်ငုတ်တစ်ထောင်ကျေးရွာ၊ အောင်လံမြို့နယ်၊ ပြလို့ကျေးရွာအုပ်စု၊ ပြလို့ကျေးရွာ၊ ဆင်ပေါင်ဝဲမြို့နယ်၊ ကေရာဇ်ကျေးရွာအုပ်စု၊ ကေရာဇ်ကျေးရွာများအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး မြေတိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် **၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ** အခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ ပူးတွဲဖော်ပြပါ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူးများ** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူးများ** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၁၇/၂၀၂၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃ ရက်စွဲပါ စာအမှတ်၊ ၉/၁-၄/ (၁၂၈) (စမဆ)/ အဖရ ပါ ညှိနှိုင်းချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၁၂၀/ဖ၆၉-မြေတိုင်း/အဖရ (၂၀၁၉) ပါ အတည်ပြုချက်အရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ရေနံချောင်းမြို့နယ် မြို့ပေါ်ရပ်ကွက် (၅) ရပ်ကွက်နှင့် နတ်မောက်မြို့နယ်၊ ကျူးအိုင်ကျေးရွာအား မြို့မြေ/ကျေးရွာ မြေငှားဂရန်ထုတ်ပေးနိုင်ရေး မြေတိုင်းတာခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် **၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ** အခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ ပူးတွဲပါ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေး အရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၄၅၂/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၃/၂၀၂၀) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) တန်း အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (စက်/လျှပ်) (၁၃) ဦးတို့အား ယင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ ဦးစီးအရာရှိ (စက်/လျှပ်) ရာထူးသို့ ၎င်းတို့အမည်နှင့်ယှဉ်တွဲဖော်ပြပါ နေရာများ၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး ကနဦးလစာ ငွေ (၂၇၅,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်တာဝန်ချထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ဒေါ်ငြိမ်းမွန်မောင် | ဒု-ဦးစီးမှူး(စက်/လျှပ်) တံခွန်တိုင်ဓာတ်အားခွဲရုံ | ဦးစီးအရာရှိ (စက်/လျှပ်) စီမံကိန်းညွှန်ကြားရေးမှူးရုံး (မြောက်ပိုင်း) |
| ၂။ | ဦးဇော်မင်းထက် | ဒု-ဦးစီးမှူး(စက်/လျှပ်) မဟာဓာတ်အားလိုင်းမှူးရုံး (မော်လမြိုင်) | ဦးစီးအရာရှိ (စက်/လျှပ်) မဟာဓာတ်အားလိုင်းမှူးရုံး (မော်လမြိုင်) |
| ၃။ | ဦးကျော်စိန်လင်း | ဒု-ဦးစီးမှူး(စက်/လျှပ်) မဟာဓာတ်အားလိုင်းမှူးရုံး (မော်လမြိုင်) | ဦးစီးအရာရှိ(စက်/လျှပ်) ရေဝဏ်ဓာတ်အားခွဲရုံ |
| ၄။ | ဦးအောင်ကိုလတ် | ဒု-ဦးစီးမှူး(စက်/လျှပ်) သာစည်ဓာတ်အားခွဲရုံ | ဦးစီးအရာရှိ(စက်/လျှပ်) မဟာဓာတ်အားလိုင်းမှူးရုံး (မန္တလေး) |
| ၅။ | ဦးထွန်းမင်းလတ် | ဒု-ဦးစီးမှူး(စက်/လျှပ်) စီမံကိန်းမန်နေဂျာရုံး(၃)၊ မန္တလေးမြို့ | ဦးစီးအရာရှိ(စက်/လျှပ်) စီမံကိန်းမန်နေဂျင်ရုံး(၃)၊ ရွှေတောင်မြို့ |
| ၆။ | ဦးရာဇာထွန်း | ဒု-ဦးစီးမှူး(စက်/လျှပ်) ဝိုင်းမော်ဓာတ်အားခွဲရုံ | ဦးစီးအရာရှိ(စက်/လျှပ်) မဟာဓာတ်အားလိုင်းမှူးရုံး (ဂန့်ဂေါ) |
| ၇။ | ဦးဝင်းကိုထက် | ဒု-ဦးစီးမှူး(စက်/လျှပ်) တောင်တွင်းကြီးဓာတ်အားခွဲရုံ | ဦးစီးအရာရှိ(စက်/လျှပ်) မဟာဓာတ်အားလိုင်းမှူးရုံး (အမ်း) |
| ၈။ | ဒေါ်မြင့်ကြည် | ဒု-ဦးစီးမှူး(စက်/လျှပ်) အောင်ချမ်းသာဓာတ်အားခွဲရုံ | ဦးစီးအရာရှိ(စက်/လျှပ်) စီမံကိန်းညွှန်ကြားရေးမှူးရုံး (တောင်ပိုင်း) |
| ၉။ | ဒေါ်ဝင်းတင်ခိုင် | ဒု-ဦးစီးမှူး(စက်/လျှပ်) အုန်းတောဓာတ်အားခွဲရုံ | ဦးစီးအရာရှိ(စက်/လျှပ်) ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံ |

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်တာဝန်ချထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| ၁၀။ | ဒေါ်မြကေသွယ်စိုး | ဒု-ဦးစီးမှူး(စက်/လျှပ်) မြင်းခြံဓာတ်အားခွဲရုံ | ဦးစီးအရာရှိ(စက်/လျှပ်) သပြေဝ(မိတ္ထီလာ)ဓာတ်အားခွဲရုံ |
| ၁၁။ | ဒေါ်နန်းဥမ္မာလှ | ဒု-ဦးစီးမှူး(စက်/လျှပ်) မော်လမြိုင်ဓာတ်အားခွဲရုံ | ဦးစီးအရာရှိ(စက်/လျှပ်) ဘိုင်းဒါးဓာတ်အားခွဲရုံ |
| ၁၂။ | ဦးချမ်းငြိမ်းအောင် | ဒု-ဦးစီးမှူး(စက်/လျှပ်) ရတနာပုံဓာတ်အားခွဲရုံ | ဦးစီးအရာရှိ(စက်/လျှပ်) မဟာဓာတ်အားလိုင်းမှူးရုံး (မန်စံ) |
| ၁၃။ | ဦးယဉ်မင်းထွန်း | ဒု-ဦးစီးမှူး(စက်/လျှပ်) လျှပ်စစ်စမ်းသပ်ရေးဌာနခွဲ (ရန်ကုန်) | ဦးစီးအရာရှိ(စက်/လျှပ်) ဓာတ်အားစနစ်ဌာန |

## အမိန့်ကြော်ငြာစာအမှတ် (၄၅၃/၂၀၂၀)

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၂၀) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လစာနှုန်း (၂၁၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) တန်း အောက်ဖော်ပြပါ ပစ္စည်းထိန်း-၁ (၄) ဦးတို့အား ယင်းလုပ်ငန်းတွင်လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ ဦးစီးအရာရှိ (ပစ္စည်း) ရာထူးသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး ကနဦးလစာငွေ (၂၇၅,၀၀၀/-) ကို ခံစားခွင့် ပြုလိုက်သည်-

